# Sisters 2 Sisters

## သွေးစည်းညီညွတ်မှုကြေညာချက်

### အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ၂၀၂၃ ခုနှစ်

8.3.2023

**“အမျိုးသမီးတွေကို လွှမ်းမိုးချုပ်ကိုင်ဖို့ လူတန်းစားအခြေပြုအာဏာဖြစ်စေ လူမျိုးအခြေပြု အာဏာကိုဖြစ်စေ အသုံးပြုတဲ့ အမျိုးသမီးတွေ ရှိနေသရွေ့ ဖဲမ်မိနစ် ညီအမချင်းသွေးစည်းမှုဟာ မစစ်မှန်နိုင်ပါဘူး” _bell hooks**

ယနေ့ကျွမတို့သည် ဂျန်ဒါတန်းတူညီမျှရေးအတွက် တိုက်ပွဲဝင်၍ ဂျန်ဒါအခြေပြု အကြမ်းဖက်မှုများကို မီးမောင်ထိုးပြခဲ့သည့် ကျွမတို့ ရှေးညီအမများ၏ ရုန်းကန်မှုပြယုဂ်ဖြစ်သည့် အလုပ်သမားလှုပ်ရှားမှုအား အခြေပြုကာ ပေါ်ပေါက်လာသည့် *အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့* အား ဂုဏ်ပြုလိုက်ရပါသည်။

ယနေ့တွင် အဆိုပါ ကမ္ဘာ့လှုပ်ရှားမှုကြီး မည်မျှ ခရီးပေါက်ခဲ့သည်ဆိုသည်နှင့် စနစ်အပြောင်းအလဲနှင့် လူမှုရေးရာအပြောင်းအလဲ များကိုဖော်ဆောင်ရန်အတွက် အဘယ်ကြောင့် ညီအမချင်း သွေးစည်းညီညွတ်မှု လိုအပ်သည်ဆိုသည်ကို ပြန်လည်ရှုမြင်ရမည်။

**ရုတ်တရက်ကြည့်လျှင် ကျွမတို့ရုန်းကန်တိုက်ပွဲများသည် အသွင်မတူသယောင်ထင်မှားနိုင်သည်။**

- အာဖဂန် ညီအမများသည် တာလီဘန်များကို ဆန့်ကျင်ပြီး ပညာသင်ယူပိုင်ခွင့်အတွက် ရဲရင့်စွာ တိုက်ပွဲဝင်နေကြသည်။

- အီရန်ညီအမများသည် အီရန်စစ်အစိုးရ၏ အမျိုးသမီးများကို ချုပ်ကိုင်ဖိနှိပ်လိုသည့် ရက်စက်မှု များမှာ တုံ့ဆိုင်းမသွားခဲ့ချေ။

- ဆူဒန်ညီအမများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကိုယ်ထိလက်ရောက် လိင်အကြမ်းဖက်မှုများ ခြိမ်းခြောက်မှုများ ကြားကပင် စစ်အစိုးရနှင့် အာဏာသိမ်းမှုကို တော်လှန်နေကြသည်။

- ဆီရီးယန်းညီအမများသည် လက်ရှိဖြစ်ပွားနေသည့် ပြည်တွင်းစစ်နှင့် ငလျင်ဒဏ်ကြားကပင် ဆက်လက်တိုက်ပွဲဝင်နေကြသည်။
- ရုရှားကျူးကျော်စစ်အား ခုခံနေသည့် ယူကရိန်းဘက်ကို ကြည့်လျှင်ပင် ယူကရိန်းနှင့် ဘယ်လာရုစ်ညီအမများသည် စစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများ၏ ရှေ့တန်းတွင်ရှိနေကြသည်။

- ယဲမန်ညီအမများသည် အလုပ်၊ကျောင်းနှင့် လူအများစု ပုံမှန်သွားလာနေကြနေရာများသို့ အမှီအခိုကင်းကင်း သွားလာခွင့်အတွက် တောင်းဆိုနေကြသည်။

ကျမတို့ မြန်မာပြည်တွင်လည်း *နွေဦးတော်လှန်ရေး တတိယမြောက်နှစ်ကာလအရောက်တွင်* အမျိုးသမီးများသည် စစ်အုပ်စုအား ပြင်းထန်စွာ တော်လှန်နေဆဲဖြစ်သည်။ အမျိုးသမီးများ အထူးသဖြင့် လူငယ်အမျိုးသမီးများသည် အကျင့်ပြုခြစားပြီး မင်းမဲ့စရိုက်ဆန်သည့် နိုင်ငံရေး စနစ်များအား တိုက်ပွဲဝင်နေရသည်သာမက အမျိုးသမီးများ၊ ဂျန်ဒါ နှင့် ဖယ်ကျဉ်ခံ အသိုင်းအဝိုင်းများ အား ဖိနှိပ် ချိုးဖောက်မှု ကျူးလွန်လိုသည့် ခေတ်နောက်ပြန်ဆွဲ လူမှုစံနှုန်းများကို အာခံနေကြရပါသည်။

- အလုပ်သမား ညီအမများသည် စစ်အုပ်စုဆန့်ကျင် ဆန္ဒပြမှုများအား ဦးဆောင်ခဲ့ကြပြီး စက်ရုံအလုပ်ရုံပိုင်ရှင်များနှင့် ဌာနဆိုင်ရာအကျင့်ပျက်ခြစားမှုများအား ဆက်လက် စိန်ခေါ်နေကြသည်။

- စစ်ဘေးရှောင်စခန်းများရှိ ညီအမများသည် စစ်အုပ်စု၏ဖြိုခွင်းမှုအသီးသီးများကြားတွင်ပင် ဆက်လက်ရှင်သန်ရပ်တည်ချင်သည့် စိတ်ဆန္ဒအပြည့်ဖြင့် ပုံမှန်အားအင်သုံး၍ပင် ခုခံနိုင်ကြသည်။

- အိုးဘိုအကျဉ်းထောင်ရှိ ညီအမများသည် စစ်အုပ်စု၏ အင်အားသုံးအကြမ်းဖက်မှုနှင့် သတ်ဖြတ်မှုကြားကပင် စစ်အာဏာရှင်များအား ဦးမညွတ်အလေးမပြုကြပေ။

စိန်ခေါ်မှုများနှင့် ကမ္ဘာ့ပထဝီမြေတည်နေရာ ကွဲပြားမှုရှိစေကာမူ ကျမတို့ ညီအမများ၏ ထက်မြက်သည့် စိတ်ဆန္ဒ၊ ယုံကြည်မှု နှင့် ပန်းတိုင်အရောက် ရုန်းကန်တိုက်ပွဲဝင်၍ အတူတကွ ရှင်သန် ဖွံ့ဖြိုးလိုသည့် ခိုင်ကြည်သည့် မျှော်လင့်ချက်များ တူညီသည်ကို အသိအမှတ် ပြုရမည်ဖြစ်သည်။

**ယနေ့တွင် ကျမတို့သည် ကျမတို့ရွေးချယ်ခဲ့သည့် တော်လှန်ရေးလမ်းကြောင်းအတွက် ဂုဏ်ယူ သည်။ ညီအမများ၏ အောင်မြင်မှုများအားဖြင့် အားသစ်ဖြစ်စေ၍ ကျမတို့အချင်းချင်း အားပေးမြှင့်တင်ကြမည်။ ခွန်အားပြည့် စိတ်ဆန္ဒများအားမျှဝေပြီး အချင်းချင်းမှီခို၊ ဖေးမ၊ သင်ယူကြမည်။ ကျမတို့တည်ဆောက်နေသည့် အနာဂတ်လူ့အသိုင်းအဝိုင်းသည် ကျမတို့အားလုံး အတွက်ဖြစ်ရမည်။**

အရေးတော်ပုံအောင်ရမည်။

**#Sisters2Sisters**